ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ရုံးခွန်တံဆိပ်ခေါင်း
၅၀ကျပ် K 50

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ရုံးခွန်တံဆိပ်ခေါင်း
၃၀၀ကျပ် K 300

# တောင်ငူခရိုင်တရားရုံး

## ၂၀၁၅ ခုနှစ်၊တရားမကြီး မှုအမှတ်-၉၃

၂၀၁၇ ခုနှစ်၊စက်တင်ဘာ လ ၁၉ ရက်နေ့

နော်ဂျူးလီ (တရားလို)

နှင့်

၁။ဦးမောင်မောင်
၂။ဦးမော်စီတုံး(ခ)ဆတ်သရာနန်း
၃။ဦးဟီရာလားလ်
( တရားပြိုင်များ )

တရားလိုအတွက် ။ဦးတင်လှ၊တရားလွှတ်တော်ရှေ့နေ
(၁)(၃)တရားပြိုင်များအတွက် ။ဦးရှိဆန်းကူမာ၊အထက်တန်းရှေ့နေ
(၂)တရားပြိုင်အတွက် ။မလာ

## စီ ရင် ချက်

အခွင့်ရအရာရှိ
( အေးအေးမြင့် )
လက်ထောက်ညွှန်ကြားရေးမှူး
ပဲခူးတိုင်းဒေသကြီးတရားလွှတ်တော်

အမှုမှာ တရားလိုနော်ဂျူးလီမှ တရားပြိုင်များဖြစ်ကြသောဦးမောင်မောင်၊ဦးမော်စီတုံး(ခ)ဆတ်သရာနန်းနှင့်ဦးဟီရာလားလ်တို့(၃)ဦးအပေါ် မတ်ပဲတစ်တင်းခွဲအိတ်(အိတ်သေး)(၆၀၀)(သို့မဟုတ်)ယင်းမတ်ပဲအိတ်(၆၀၀)၏တန်ဖိုးငွေ ၁၅၇၉၅၀၀၀ိ/-ကျပ်ရလိုမှု စွဲဆိုထားမှုဖြစ်သည်။

တရားလိုကအဆိုလွှာတွင် တရားလိုသည်ဖြူးမြို့တွင် " မဒီနာ " အမည်ဖြင့်အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်းလုပ်ကိုင်သည့်အပြင် ပဲအရောင်းအဝယ်လုပ်ငန်းလည်းလုပ်ကိုင်ခဲ့ကြသူများဖြစ်ကြောင်း၊တရားပြိုင်များသည် ညီအစ်ကိုများဖြစ်ကြပြီး ဖြူးမြို့၊အုတ်ဖြတ်လမ်း၊ဘိုးဘွားရိပ်သာရှေ့၌ " ဇင်မင်း " ပွဲရုံအမည်ဖြင့် ဆန်နှင့်ပဲမျိုးစုံရောင်းဝယ်ရေးလုပ်ကိုင်ခဲ့ကြသူများဖြစ်ပြီး တရားလိုနှင့်ခင်မင်ရင်းနှီးကြကြောင်း၊၁၃-၃-၂၀၁၃ ရက်နေ့က တရားပြိုင်များ၏ဇင်မင်းပွဲရုံမှ မတ်ပဲ(၃)တင်းအိတ်(အိတ်ကြီး)တစ်အိတ်လျှင် ၅၃၀၀၀ိ/-ကျပ်နှုန်းဖြင့် မတ်ပဲတစ်တင်းခွဲအိတ်(အိတ်သေး)(၁၀၀)အိတ်အား နံနက်ပိုင်း၌လည်းကောင်း၊အိတ်(၂၀၀)အားညနေပိုင်း၌လည်းကောင်း၊စုစုပေါင်းအိတ်(၃၀၀)ကို နှစ်ကြိမ်ခွဲ၍ဝယ်ယူပြီး တရားပြိုင်များ၏ပွဲရုံ၌အပ်နှံထားရှိခဲ့ကြောင်း၊ယင်းနေ့

ညနေပိုင်းတွင် (၂)တရားပြိုင်ဦးမော်စီတုံးမှ၎င်းထံလာရောက်ပြီး နံနက်ပိုင်းကဝယ်ယူအပ်နှံထားသည့် မတ်ပဲအိတ်သေး(၁၀၀)အတွက် တန်ဖိုးများရေးသားထားသည့် ၎င်းတို့ပွဲရုံတံဆိပ်ပါဘောင်ချာ(၁) ရွက်နှင့်ညနေပိုင်းတွင် ဝယ်ယူအပ်နှံခဲ့သည့်မတ်ပဲအိတ်သေး(၂၀၀)အတွက် ကျသင့်တန်ဖိုးများရေး သားထားသည့် ၎င်းတို့၏ပွဲရုံတံဆိပ်ပါဘောင်ချာ(၁)ရွက်တို့ကို လာရောက်ပေးသဖြင့် ၎င်းမှလည်း မတ်ပဲအိတ်သေး(၃၀၀)အတွက် ကျသင့်တန်ဖိုး ၇၉၅၀၀၀ိ/-ကျပ်ကို (၂)တရားပြိုင်သို့ပေးအပ်ခဲ့ ရာ (၂)တရားပြိုင်မှလက်ခံရယူပြီးနောက် ကိုမောင်မောင်နှင့်ညီများဇင်မင်းပွဲရုံတံဆိပ်ပါ " ငွေရှင်းပြီး ပစ္စည်းအပ်မည် " ဟု ဘောင်ချာ၌ရေးသား၍ ၎င်းထံပေးအပ်ခဲ့ကြောင်း၊ထို့ပြင် ၁၅-၃-၂၀၁၃ နေ့ ကိုတရားလိုသည် တရားပြိုင်များ၏ပွဲရုံမှမတ်ပဲသုံးတင်းအိတ်(အိတ်ကြီး)တစ်အိတ်လျှင် ၅၂၃၀ိ/- ကျပ်နှုန်းဖြင့် မတ်ပဲအိတ်တစ်တင်းခွဲအိတ်(အိတ်သေး)(၃၀၀)အိတ်အား ထပ်မံဝယ်ယူ၍ ယင်းပွဲရုံ ၌ပင်အပ်နှံထားခဲ့ကြောင်း၊ယင်းနေ့ညနေပိုင်းတွင် (၂)တရားပြိုင်မှပင်၎င်းထံသို့လာရောက်ပြီး မတ် ပဲအိတ်သေး(၃၀၀)အတွက် ကျသင့်တန်ဖိုးငွေ ၇၈၄၅၀၀ိ/-ကျပ်အား (၂)တရားပြိုင်ထံပေးအပ်ခဲ့ ရာ (၂)တရားပြိုင်မှလည်းလက်ခံရယူ၍ အဆိုပါဘောင်ချာစာရွက်တွင် " ငွေရှင်းပြီး၊ပစ္စည်းအပ်မည်" ဟုရေးသား၍ ၎င်းထံသို့ပေးအပ်ခဲ့ကြောင်း၊ယင်းနောက် ၂၅-၁၀-၂၀၁၃ ရက်နေ့တွင် တရားပြိုင် များ၏ဇင်မင်းပွဲရုံ၌ မိမိအပ်နှံထားသောမတ်ပဲအိတ်(၆၀၀)အားပြန်လည်ရောင်းချလို၍ တရားပြိုင် များထံသွားရောက်ခဲ့ရာ (၁)နှင့်(၂)တရားပြိုင်တို့အားမတွေ့ဘဲ (၃)တရားပြိုင်ကိုသာတွေ့သဖြင့် ပြန် လည်ရောင်းချမည်ဖြစ်ကြောင်း၊မတ်ပဲဘိုးငွေများရယူမည်ဟုပြောခဲ့ကြောင်း၊ထိုအခါ(၃)တရားပြိုင်မှ (၂)တရားပြိုင်မရှိကြောင်းနှင့်၎င်းနှင့်မဆိုင်ဟုပြောဆိုခဲ့၍ ၎င်းကမိမိထံရှိဘောင်ချာတွင် ကိုမောင် မောင်နှင့်ညီများဇင်မင်းပွဲရုံသို့ မိမိပဲအပ်ထားသဖြင့် ညီအစ်ကိုအားလုံးနှင့်ဆိုင်သည်ဟု ပြောဆိုခဲ့ရာ နောက်တစ်နေ့တွင် ပြန်လာပါဟု(၃)တရားပြိုင်ကပြောသဖြင့် နောက်ရက်များတွင် တရားပြိုင်များ ၏ပွဲရုံသို့ထပ်မံသွားရောက်ခဲ့သော်လည်း (၁)(၂)တရားပြိုင်တို့နှင့်မတွေ့ရဘဲ (၃)တရားပြိုင်နှင့်သာ တွေ့ပြီး မတ်ပဲအိတ်(၆၀၀)အားလည်းကောင်း၊မတ်ပဲအိတ်(၆၀၀)ပေါက်ဈေးတန်ဖိုးကိုလည်းကောင်း မရရှိကြောင်း၊" ဇင်မင်း " ပွဲရုံဆိုင်းဘုတ်ကိုလည်း ဖြုတ်ချထားသည်ကိုတွေ့ခဲ့ကြောင်း၊ထိုကိစ္စနှင့်ပတ် သက်၍ ၎င်းကဖြူးရဲစခန်း၌အမှုဖွင့်တိုင်ကြားခဲ့ရာ ယင်းအမှုကိုဖြူးမြို့နယ်တရားရုံးက ပြစ်မှုကြီးအ မှတ်-၇၄၄/၂၀၁၄ ဖြင့် စစ်ဆေးကြားနာခဲ့ရာ (၂)တရားပြိုင်တစ်ဦးတည်းကသာ ပြုလုပ်ဆောင်ရွက် ခဲ့ခြင်းဖြစ်သည်ဟုခုခံတင်ပြခဲ့ကြောင်း၊ယင်းအမှုတွင် (၂)တရားပြိုင်အားပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၀၆ အရ ထောင်(၅)လကျခံခဲ့ရကြောင်း၊တရားလိုအနေဖြင့် တရားပြိုင်များ၏ပွဲရုံတွင် မတ်ပဲအိတ်(၆၀၀) အတွက် တရားလိုကပေးအပ်ထားသည့် ကျသင့်တန်ဖိုးငွေစုစုပေါင်း ၁၅၇၉၅၀၀ိ/-အားလည်း ကောင်း၊မတ်ပဲအိတ်(၆၀၀)ကိုလည်းကောင်း၊ယခုအချိန်ထိရယူရရှိခဲ့ခြင်းမရှိသေးကြောင်း၊သို့ဖြစ်၍ ၎င်းတွင်များစွာနစ်နာလျှက်ရှိကြောင်း၊တရားပြိုင်များသည် ကိုမောင်မောင်နှင့်ညီများဖြစ်ကြပြီး တရားလိုမှအမှုတွင် တင်ပြထားသောဘောင်ချာများမှာ ကိုမောင်မောင်နှင့်ညီများဇင်မင်းပွဲရုံတံဆိပ် ပါငွေလက်ငင်းဖြတ်ပိုင်းများဖြစ်သောကြောင့် တရားပြိုင်များသည်တရားလိုတောင်းဆိုသော မတ်ပဲ အိတ်(၆၀၀)(သို့မဟုတ်)ယင်း၏တန်ဖိုးငွေ ၁၅၇၉၅၀၀ိ/-ကိုပေးအပ်ရန်တာဝန်ရှိကြသူများဖြစ်ကြ

အခွင့်ရအရာရှိ
( အေးအေးမြင့် )
လက်ထောက်ညွှန်ကြားရေးမှူး
ပဲခူးတိုင်းဒေသကြီးတရားလွှတ်တော်

သဖြင့် ယခုအမှုကိုစွဲဆိုရခြင်းဖြစ်ကြောင်း ဖေါ်ပြထားသည်။

(၂)တရားပြိုင်မော်စီတုံး(ခ)ဆတ်သရာနန်းသည် သမ္မာန်စာအတည်ဖြစ်သော်လည်း ရုံးတော်ရှေ့သို့လာရောက်ရင်ဆိုင်ခဲ့ခြင်းမရှိ၍ အမှုအားငင်း၏မျက်ကွယ်တွင် တစ်ဖက်သတ်စစ်ဆေးဆောင်ရွက်ခဲ့သည်။

(၁)နှင့်(၃)တရားပြိုင်တို့ကချေလွှာတွင် ၄င်းတို့နှစ်ဦးသည် " ဇင်မင်း " ပွဲရုံအမည်ဖြင့် ဖြူးမြို့၊အုတ်ဖြတ်လမ်း၊ဘိုးဘွားရိပ်သာရှေ့၌ ဆန်နှင့်ပဲမျိုးစုံရောင်းဝယ်ရေးလုပ်ငန်းကိုလုပ်ကိုင်ကြသူများမဟုတ်ကြောင်း၊(၂)တရားပြိုင်တစ်ဦးတည်းကသာ လုပ်ကိုင်ခဲ့ခြင်းဖြစ်ကြောင်း၊တရားလိုကအဆိုပါပွဲရုံ၌လုပ်ကိုင်ခဲ့သော (၂)တရားပြိုင်တစ်ဦးနှင့်သာအရောင်းအဝယ်ပြုလုပ်ခဲ့ခြင်းဖြစ်ပြီး ထိုကိစ္စနှင့်စပ်လျဉ်း၍ ကျန်တရားပြိုင်တို့နှင့်သက်ဆိုင်ခြင်းမရှိကြောင်း၊(၂)တရားပြိုင်အားရှိသေလေးစားသောသဘောဖြင့် ၄င်း၏အစ်ကို(၁)တရားပြိုင်ကိုမောင်မောင်အားအလေးထား၍ ပွဲရုံအမည်အား "ကိုမောင်မောင်နှင့်ညီများဇင်မင်းပွဲရုံ " တံဆိပ်ရိုက်နှိပ်ခဲ့ခြင်းသာဖြစ်ကြောင်း၊တရားလိုအဆိုပြုသကဲ့သို့(၃)တရားပြိုင်နှင့်လည်းတစ်ကြိမ်တစ်ခါမျှ တွေ့ဆုံခဲ့ဘူးခြင်းမရှိကြောင်း၊တရားလိုက(၂)တရားပြိုင်တစ်ဦးတည်းနှင့်လုပ်ကိုင်ခဲ့သည့်ကိစ္စအပေါ် (၂)တရားပြိုင်ဘက်မှဆောင်ရွက်ပေးရန်ပျက်ကွက်ခဲ့၍ (၂)တရားပြိုင်အပေါ်တရားလိုက ပြစ်မှုကြီးအမှုအမှတ်-၇၄၄/၂၀၁၄ ဖြင့် အမှုဖွင့်တိုင်ကြားခဲ့ရာ ဖြူးမြို့နယ်တရားရုံးက (၂)တရားပြိုင်အပေါ်ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၀၆ အရ ထောင်(၅)လချမှတ်ခဲ့ကြောင်း၊တရားလိုသည်(၂)တရားပြိုင်နှင့်သာ အရောင်းအဝယ်လုပ်ခဲ့ခြင်းဖြစ်သည့်အတွက် ကျန်တရားပြိုင်များနှင့်ရောင်းဝယ်လုပ်ကိုင်ခဲ့ခြင်းလုံးဝမရှိသည့်အတွက် (၂)တရားပြိုင်ထံမှရရန်ရှိသည့်မတ်ပဲအိတ်၊ငွေများကို ကျန်တရားပြိုင်တို့ကပေးဆပ်ရန်တာဝန်မရှိကြောင်း၊တရားလိုသည် ၄င်းတရားပြိုင်တို့ကရေးသားပေးခဲ့သော စာရွက်စာတမ်းတစ်စုံတစ်ရာကို အမှုတွင်တင်ပြထားခြင်းမရှိကြောင်း၊အထူးချေပလိုသည်မှာ တရားလိုသည်(၂)တရားပြိုင်တစ်ဦးတည်းနှင့်သာ အရောင်းအဝယ်လုပ်ခဲ့ခြင်းဖြစ်၍လည်းကောင်း၊(၂)တရားပြိုင်အနေဖြင့် ၄င်း၏ပွဲရုံအမည်အား ကိုမောင်မောင်နှင့်ညီများဇင်မင်းပွဲရုံဟု ဆိုင်းဘုတ်တပ်ရုံမျှဖြင့် ကျန်တရားပြိုင်တို့ကတာဝန်ရှိကြောင်း၊တရားလိုကမလိုအပ်ဘဲ ကျန်တရားပြိုင်တို့အားထည့်သွင်းစွဲဆိုထားခြင်းဖြစ်ကြောင်း၊၄င်းတို့နှင့်အရောင်းအဝယ်ပြုလုပ်ခဲ့ကြောင်း စာရွက်စာတမ်းတစ်စုံတစ်ရာကို တရားလိုကအဆိုပြုဖေါ်ပြထားခြင်းမရှိကြောင်း၊သို့ဖြစ်၍ (၁)နှင့်(၃)တရားပြိုင်တို့အား အမှုသည်အဖြစ်မှထုတ်ပယ်ပေးစေလိုကြောင်း ဖေါ်ပြချေပခဲ့သည်။

ရုံးတော်မှနှစ်ဖက်အဆို၊အချေများအရ အောင်ပါငြင်းချက်များကိုထုတ်နှုတ်ခဲ့သည်-

## ငြင်း ချက် များ

(၁) တရားပြိုင်များသည် မတ်ပဲ (၁)တင်းခွဲအိတ် (၆၀၀) (သို့မဟုတ်) တန်ဖိုးငွေ ၁၅၇၉၅၀၀၀ိ/-ကို တရားလိုထံပေးရန်ရှိသည်ဆိုခြင်းမှာ မှန်သလား။

(၂) (၁)နှင့်(၃)တရားပြိုင်များအား အမှုမှဖယ်ထုတ်ပေးရမည်ဆိုသည်မှာ မှန်သလား။

(၃) တရားလိုသည် မည်သည့်သက်သာခွင့်ကို ရထိုက်သနည်း တို့ဖြစ်ကြသည်။

မိတ္တူမှန်ကန်ကြောင်း
အခွင့်ရအရာရှိ
(အေးအေးဖြူ)
လက်ထောက်ညွှန်ကြားရေးမှူး
ပဲခူးတိုင်းဒေသကြီးတရားလွှတ်တော်

ငြင်းချက်(၁)နှင့်စပ်လျဥ်း၍

တရားလိုမနော်ဂျူးလီက တရားပြိုင်များ၏ဖြူးမြို့၊အုတ်ဖြတ်လမ်း၊ဘိုးဘွားရိပ်သာရှေ့ရှိ " ကိုမောင်မောင်နှင့်ညီများဇင်မင်းပွဲရုံ " နှင့်ဆက်သွယ်၍ ၁၃-၃-၂၀၁၃ ရက်နေ့က မတ်ပဲအိတ်သုံးတင်းအိတ်(အိတ်ကြီး) တစ်အိတ်လျှင် ၅၃၀၀၀ိ/-ကျပ်နှုန်းဖြင့် မတ်ပဲတစ်တင်းခွဲအိတ်(၁၀၀)အားယင်းနေ့နံနက်ပိုင်း၌လည်းကောင်း၊ညနေပိုင်းတွင် အိတ်(၂၀၀)အားလည်းကောင်းဝယ်ယူပြီး တရားပြိုင်များ၏အဆိုပါပွဲရုံ၌အပ်နှံထားရှိခဲ့ကြောင်း၊ယင်း ၁၃-၃-၂၀၁၃ ရက်နေ့ညနေပိုင်းတွင် နံနက်ပိုင်းကဝယ်ယူထားသည့် မတ်ပဲတစ်တင်းခွဲအိတ်(အိတ်သေး)(၁၀၀)အတွက် ကျသင့်တန်ဖိုးငွေများရေးသားထားသော ၎င်းတို့ပွဲရုံတံဆိပ်ပါဘောင်ချာ(၁)ရွက် သက်သေခံ(က)နှင့်ညနေပိုင်းတွင်ဝယ်ယူအပ်နှံထားသည့် မတ်ပဲအိတ်သေး(၂၀၀)အတွက် ကျသင့်တန်ဖိုးငွေများရေးသားထားသည့်ဘောင်ချာ(၁)ရွက် သက်သေခံ(ခ)ကိုလည်းကောင်း၊(၂)တရားပြိုင်ကလာရောက်ပေးခဲ့သဖြင့် တရားလိုကစုစုပေါင်းမတ်ပဲအိတ်သေး(၃၀၀)အတွက် ကျသင့်ငွေ ၇၉၅၀၀၀၀ိ/-ကျပ်ကို (၂)တရားပြိုင်သို့ပေးအပ်ခဲ့ကြောင်း၊ထိုအခါ(၂)တရားပြိုင်က ကိုမောင်မောင်နှင့်ညီများဇင်မင်းပွဲရုံတံဆိပ်ပါ " ငွေရှင်းပြီးပစ္စည်းအပ်မည် " ဟု ဘောင်ချာ၌ရေးသား၍ တရားလိုထံပေးအပ်ခဲ့ကြောင်း၊၁၅-၃-၂၀၁၃ ရက်နေ့တွင်လည်း ယင်းပွဲရုံမှမတ်ပဲအိတ်ကြီးတစ်အိတ်လျှင် ၅၂၃၀ိ/-နှုန်းဖြင့် မတ်ပဲတစ်တင်းခွဲအိတ်(အိတ်သေး)(၃၀၀)အားဝယ်ယူခဲ့ရာ ယင်းနေ့ညနေပိုင်းတွင် (၂)တရားပြိုင်ကပင်ယင်းမတ်ပဲအိတ်သေး(၃၀၀)အတွက် ကျသင့်တန်ဖိုးငွေ ၇၈၄၅၀၀၀ိ/-အား (၂)တရားပြိုင်သို့ပေးအပ်ခဲ့ရာ (၂)တရားပြိုင်ကလက်ခံရယူပြီး သက်သေခံ(ဂ)နှင့်ဘောင်ချာစာရွက်ပေါ်တွင် " ငွေရှင်းပြီးပစ္စည်းအပ်မည်" ဟုရေးသား၍ တရားလိုထံပေးအပ်ခဲ့ကြောင်း ထွက်ဆိုထားသည်။အဆိုပါသက်သေခံ(က)(ခ)နှင့်(ဂ)တို့တွင် " ကိုမောင်မောင်နှင့်ညီများဇင်မင်းပွဲရုံ၊ဆန်နှင့်ပဲမျိုးစုံရောင်းဝယ်ရေး၊အုတ်ဖြတ်လမ်း၊ဖြူးမြို့ ဖုန်းနံပါတ်များဖြစ်သည့် ၀၅၄-၄၀၄၈၃၊၀၉၅၃၉၀၅၁၂၊၀၉၄၉၄၄၀၄၇၄ " တို့ပါဝင်သော တံဆိပ်တုံးကိုရိုက်နှိပ်ထားပြီး အောက်ခြေ၌ ၀၉၄၂၈၁၁၇၈၅၀ ဟူသော ဖုန်းနံပါတ်ကိုသာ လက်ရေးဖြင့်ရေးသားထားသည်ကိုတွေ့ရသည်။ယင်းငွေလက်ငင်းဖြတ်ပိုင်း(၃)ရွက်စလုံးတွင် ထိုသို့တွေ့ရပြီး တရားပြိုင်များကလက်မှတ်ရေးထိုးထားခြင်း၊အမည်ရေးသားထားကြခြင်းမပါရှိပေ။အဆိုပါသက်သေခံ(က)(ခ)(ဂ)ဘောင်ချာများပေါ်၌ တရားပြိုင်ဟီရာလားလ်နှင့်ဦးမောင်မောင်တို့၏လက်ရေးလက်မှတ်များတစ်စုံတစ်ရာလုံးဝမပါရှိကြောင်း၊ယင်းဘောင်ချာများအား မော်စီတုံး(၂)တရားပြိုင်က လာရောက်ပေးအပ်ခဲ့စဉ်က ၎င်းနှင့်အတူတရားပြိုင်ဟီရာလားလ်နှင့်တရားပြိုင်ဦးမောင်မောင်တို့မပါရှိခဲ့ဆိုလျှင်မှန်ပါသည်ဟု တရားလိုမနော်ဂျူးလီကပြန်လှန်မေးတွင် ဖြေဆိုထားသည်။

တရားလိုဘက်မှသက်သေခံ(က)ဘောင်ချာအရ ၁၃-၃-၂၀၁၃ နေ့ နံနက်ပိုင်းတွင် ကိုမောင်မောင်နှင့်ညီများဇင်မင်းပွဲရုံသို့ မတ်ပဲသုံးတင်းအိတ်(အိတ်ကြီး)တစ်အိတ်လျှင် ၅၃၀၀၀ိ/-နှုန်းဖြင့် အိတ်(၁၀၀)ကိုလည်းကောင်း၊ထိုနေ့ညနေပိုင်းတွင် သက်သေခံ(ခ)ဘောင်ချာအရ အဆိုပါဈေးနှုန်းအတိုင်းအိတ်(၂၀၀)ကိုလည်းကောင်း၊နှစ်ကြိမ်ခွဲဝယ်ယူပြီး အပ်နှံထားရှိခဲ့ကြောင်း၊ထို့နောက် ၁၅-၃-၂၀၁၃ ရက်နေ့တွင် သက်သေခံ(ဂ) အရ မတ်ပဲသုံးတင်းအိတ် (အိတ်ကြီး) တစ်အိတ်လျှင်

အခွင့်ရအရာရှိ
( အေးအေးမြင့် )
လက်ထောက်ညွှန်ကြားရေးမှူး
ပဲခူးတိုင်းဒေသကြီးတရားလွှတ်တော်

၅၂၃၀၀ိ/-ဈေးနှုန်းဖြင့် မတ်ပဲတစ်တင်းခွဲအိတ်(အိတ်သေး)(၃၀၀)အိတ်အား ထပ်မံဝယ်ယူခဲ့ပြီး အပ်နှံခဲ့ကြောင်း၊သို့ဖြစ်၍ တရားလိုသည်တရားပြိုင်တို့၏ဇင်မင်းပွဲရုံမှမတ်ပဲတစ်တင်းခွဲအိတ်(အိတ်သေး)(၆၀၀)၏စုစုပေါင်းတန်ဖိုး ၁၅၇၉၅၀၀၀ိ/-ကျပ်ဖိုးကို ဝယ်ယူပြီး အပ်နှံထားခဲ့ကြောင်းဖြင့် အဆိုပြုထားပေသည်။

(၁)နှင့်(၃)တရားပြိုင်တို့က ၎င်းတို့အနေဖြင့်ဇင်မင်းပွဲရုံအမည်ဖြင့် ဆန်နှင့်ပဲမျိုးစုံရောင်းဝယ်ရေးလုပ်ငန်းကို လုပ်ကိုင်နေကြသူများမဟုတ်ဘဲ မိမိတို့၏ကိုယ်ပိုင်လုပ်ငန်းများကိုသာလုပ်ကိုင်ခဲ့ကြကြောင်း၊ယင်းပွဲရုံကို (၂)တရားပြိုင်တစ်ဦးတည်းကသာ လုပ်ကိုင်ခဲ့ခြင်းဖြစ်ကြောင်း ချေပထွက်ဆိုအစစ်ခံထားကြသည်။

(၁)တရားပြိုင်ကိုမောင်မောင်က ၎င်းသည်ကျောက်ကြီးမြို့နယ်၊မုန်းတွင် ဆီစက်လုပ်ငန်းလုပ်ကိုင်နေကြောင်း၊ချေလွှာနှင့်အစစ်ခံချက်တို့တွင် ချေပအစစ်ခံထားပြီး ၎င်း၏ဆီစက်လုပ်ငန်းနှင့်စပ်လျဉ်းသည့် (၂၀၁၂)(၂၀၁၃)ခုနှစ်ပါလုပ်ငန်းလိုင်စင်အရ ထမ်းဆောင်ထားသည့်စည်ပင်ပြေစာမူရင်းအား သက်သေခံ(၁)အဖြစ်လည်းကောင်း၊၂၀၁၂-၂၀၁၃ ခုနှစ်အတွက် ထမ်းဆောင်ထားသောအခွန်ပြေစာအား သက်သေခံ(၂)အဖြစ်လည်းကောင်း၊စည်ပင်ရုံးသို့ပေးသွင်းထားသည့် ၂၁-၇-၂၀၁၆ ရက်စွဲပါစည်ပင်ပြေစာအား သက်သေခံ(၃)အဖြစ်လည်းကောင်း၊မုန်းမြို့(၂)ရပ်ကွက်ရှိ ကိုယ်ပိုင်အိမ်အဆောက်အဦးအပေါ် ထမ်းဆောင်ထားသည့် ၂၀၁၅-၂၀၁၆ ခုနှစ်ပါ အိမ်၊မြေ၊ရေ၊မီးနှင့်အမိုက်ခွန်ပြေစာမူရင်းအား သက်သေခံ(၄)အဖြစ်လည်းကောင်း၊၂၀၁၆-၂၀၁၇ ခုနှစ်အတွက် အိမ်၊မြေ၊ရေ၊မီးနှင့်အမိုက်ခွန်ပြေစာမူရင်းအား သက်သေခံ(၅)အဖြစ်လည်းကောင်း၊ဆီစက်လုပ်ငန်းအပေါ်ဝင်ငွေခွန်ထမ်းဆောင်ထားသည့် ၂၀၁၃-၂၀၁၄ ခုနှစ်ပါအခွန်ပြေစာကို သက်သေခံ(၆)အဖြစ် တင်သွင်းကြောင်း ထွက်ဆိုတင်ပြထားသည်။ထို့ပြင် တရားလိုအားယခင်ကတစ်ကြိမ်တစ်ခါမျှမြင်တွေ့ခဲ့ဘူးခြင်းမရှိသလို ယခုအချိန်အထိလည်း တရားလိုနှင့်အရောင်းအဝယ်လည်း တစ်ကြိမ်တစ်ခါမျှလုပ်ကိုင်ခဲ့ဘူးခြင်းမရှိကြောင်း၊ဖြူးမြို့၊ဘိုးဘွားစုရပ်ရှိ ဇင်မင်းပွဲရုံနှင့်မည်သို့မျှ ပတ်သက်မှုမရှိသလို(၂)တရားပြိုင်မော်စီတုံးနှင့်မည်သို့မျှ သက်ဆိုင်ခြင်းလည်းမရှိကြောင်း၊မော်စီတုံးကပေးရန် ရရန်ရှိသည့်ကိစ္စများနှင့်လည်း ၎င်းအနေဖြင့်ပတ်သက်ခဲ့ခြင်းလုံးဝမရှိပါကြောင်း၊တရားလိုနှင့်ငွေပေးငွေယူသော်လည်းကောင်း၊အရောင်းအဝယ်သော်လည်းကောင်း လုပ်ကိုင်ခဲ့ဘူးခြင်းမရှိ၍ တရားလိုစွဲဆိုတောင်းခံထားသော မတ်ပဲအိတ်(သို့မဟုတ်)မတ်ပဲဖိုးများနှင့်ပတ်သက်၍ ပေးရန်တာဝန်မရှိပါကြောင်း သို့ဖြစ်၍ ၎င်းအားအမှုသည်အဖြစ်မှထုတ်ပယ်သင့်ပါကြောင်း အစစ်ခံထွက်ဆိုသွားသည်။

(၃)တရားပြိုင်ဦးဟီရာလားလ်ကလည်း (၁)တရားပြိုင်ကဲ့သို့ပင် ချေပအစစ်ခံထွက်ဆိုသည့်အပြင် ၂၇-၁၂-၂၀၁၃ ရက်စွဲပါ ၎င်း၏မိသားစုအိမ်ထောင်စုစာရင်းမူရင်းကို သက်သေခံ(၇)အဖြစ်လည်းကောင်း၊(၂)တရားပြိုင်မော်စီတုံး(ခ)ဆတ်သရာနန်းအား ဖခင်ဖြစ်သူက ၂၀၀၂ ခုနှစ်ကကြေးမုံသတင်းစာ၌ သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ကြောင်းကြေငြာထားသည့် ကြေငြာချက်မူရင်းအားသက်သေခံ(၈)အဖြစ်တင်သွင်းကြောင်း ထွက်ဆိုအစစ်ခံသည်။

(၁)တရားပြိုင်ဦးမောင်မောင်နှင့်(၃)တရားပြိုင်ဦးဟီရာလားလ်တို့က ပြန်လှန်မေးတွင်

အခွင့်ရအရာရှိ
( ဒေါ်အေးမြင့်သော် )
လက်ထောက်ညွှန်ကြားရေးမှူး
ပဲခူးတိုင်းဒေသကြီးတရားလွှတ်တော်

သက်သေခံ(ခ)နှင့်(ဂ)ငွေလက်ငင်းဖြတ်ပိုင်းများတွင် ကိုမောင်မောင်နှင့်ညီများဇင်မင်းပွဲရုံဆန်နှင့်ပဲမျိုးစုံရောင်းဝယ်ရေး၊အုတ်ဖြတ်လမ်း၊ဖြူးမြို့ဟု တံဆိပ်ရိုက်နှိပ်ထားချက်ပါရှိသည်ဆိုက မှန်ပါသည်ဟုလည်းကောင်း၊ပွဲရုံ၌လည်း ကိုမောင်မောင်နှင့်ညီများဟူ၍ ဆိုင်းဘုတ်တင်ထားသည်ဆိုက ဟုတ်မှန်ပါသည်ဟုလည်းကောင်း၊ယင်းဇင်မင်းပွဲရုံမှာ ခေါင်းစည်း၌ကိုမောင်မောင်နှင့်ညီများဟူ၍ ဆိုင်းဘုတ်တင်ထားကြောင်း၊အဆိုပါ ဇင်မင်းပွဲရုံတွင် ခေါင်းစည်း၌ကိုမောင်မောင်နှင့်ညီများဟူ၍ ဖော်ပြထားသဖြင့် ဇင်မင်းပွဲရုံ သည် ၄င်းတို့နှင့်ဆက်စပ်မှုရှိနေသည်ဆိုက မှန်ပါသည်ဟုလည်းကောင်း တရားလိုကအဆိုလွှာတွင် မတ်ပဲ(၁)တင်းခွဲအိတ်(၆၀၀)(သို့မဟုတ်)ယင်းမတ်ပဲအိတ်(၆၀၀)၏တန်ဖိုးငွေ ၁၅၇၉၅၀၀၀ိ/-ဟု ဖော်ပြတောင်းဆိုထားခြင်းကို ချေပလွှာ၌၄င်းတို့မှယင်းမတ်ပဲအိတ်(၆၀၀)မဟုတ်ကြောင်း၊တန်ဖိုးငွေ ၁၅၇၉၅၀၀၀ိ/-မဟုတ်မှန်ကြောင်း ငြင်းဆိုချေပထားခြင်းမရှိဆိုလျှင် မှန်ပါသည်ဟုလည်းကောင်း၊၄င်းတို့တင်သွင်းခဲ့သောချေလွှာ၌ တရားပြိုင်များ၏နေရပ်လိပ်စာတင်သွင်းခြင်းခေါင်းစဉ်အောက်၌ (၁)ဦးမောင်မောင်၊(၂)ဟီရာလားလ် " ဇင်မင်းပွဲရုံဆန်နှင့်ပဲမျိုးစုံရောင်းဝယ်ရေး၊အုတ်ဖြတ်လမ်း၊ဘိုးဘွားရိပ်သာရှေ့၊ဖြူးမြို့ " ဟု ဖော်ပြတင်သွင်းခဲ့သည်ကို ယခုပြသ၍ တွေ့ပါသည်ဟုလည်းကောင်း၊သက်သေခံ(ခ)(ဂ)ဘောင်ချာများတွင် ဖော်ပြပါရှိသောဇင်မင်းပွဲရုံဆန်နှင့်ပဲမျိုးစုံရောင်းဝယ်ရေး၊အုတ်ဖြတ်လမ်း၊ဖြူးမြို့ ဆိုသည့်ဖော်ပြချက်နှင့်၄င်းတို့ချေလွှာ၌ ၄င်းတို့နေရပ်လိပ်စာတင်သွင်းခြင်းတွင် ဖော်ပြထားသည့်နေရပ်လိပ်စာရော နာမည်ရောတူညီနေသည့်ပွဲရုံတစ်ရုံတည်းဖြစ်သည်ဆိုက မှန်ပါသည်ဟုလည်းကောင်း၊၄င်းတို့၏ချေလွှာ၌ တရားပြိုင်များ၏နေရပ်လိပ်စာတင်သွင်းဖော်ပြချက်အရ သက်သေခံ(ခ)နှင့်(ဂ)ပါ ဇင်မင်းပွဲရုံသည် ၄င်းတို့နှင့်သက်ဆိုင်မှုရှိနေသည်ဆိုက ယင်းဖော်ပြချက်အရဆိုက မှန်ပါသည်ဟုလည်းကောင်း၊" ကိုမောင်မောင်နှင့်ညီများဇင်မင်းပွဲရုံ၊ဖြူးမြို့ " ဆိုသည့်ပွဲရုံတွင် ၄င်း၏အမည်ကိုမောင်မောင်ဟု ပါရှိနေခြင်းနှင့်ဟီရာလားလ်ဟု ပါရှိနေခြင်းတို့နှင့်စပ်လျဉ်း၍ ၄င်းတို့နှင့်မသက်ဆိုင်ကြောင်း၊၄င်းတို့အမည်များကို နုတ်ထွက်၊ပယ်ဖျက်ကြောင်း သတင်းစာတွင်ကြေငြာခဲ့ခြင်းမရှိကြောင်း၊၄င်းတို့နှင့်အဆိုပါဇင်မင်းပွဲရုံမသက်ဆိုင်ကြောင်းနှင့်အကျိုးမဝင်ကြောင်းနှင့်စပ်လျဉ်း၍ လိုင်စင်ထုတ်ပေးသည့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့သို့လည်းကောင်း၊ရပ်ကွက်အုပ်ချုပ်ရေးမှူး၊မြို့နယ်အုပ်ချုပ်ရေးမှူး အစရှိသည့် ဌာနများသို့၄င်းတို့မှလက်မှတ်ရေးထိုးလျှောက်လွှာတင်သွင်း တင်ပြခဲ့ခြင်းမရှိဟုလည်းကောင်း အစစ်ခံထွက်ဆိုထားကြသည်။

(၁)တရားပြိုင်ဦးမောင်မောင်နှင့်(၃)တရားပြိုင်ဦးဟီရာလားလ်တို့၏ တရားလိုဘက်မှပြန်လှန်စစ်မေးချက်တွင် အဆိုပါဖြေဆိုချက်၊ထွက်ဆိုအစစ်ခံချက်များသည် ယခုတရားလိုစွဲဆိုထားသည့် ကိုမောင်မောင်နှင့်ညီများဇင်မင်းပွဲရုံဆန်နှင့်ပဲမျိုးစုံရောင်းဝယ်ရေးနှင့်ဆက်စပ် စပ်ဆိုင်နေသောအကြောင်းခြင်းရာပြသာနာများအဖြစ် တွေ့ရပေသည်။

(၁)တရားပြိုင်ဦးမောင်မောင်နှင့်(၃)တရားပြိုင်ဦးဟီရာလားလ်တို့က တရားလိုမနော်ဂျူးလီတင်သွင်းထားသည့် သက်သေခံ(က)(ခ)နှင့်(ဂ)ငွေလက်ငင်းဖြတ်ပိုင်းများပေါ်တွင် ၄င်းတို့၏လက်ရေးလက်မှတ်၊အမည်များပါရှိခြင်းမရှိ၍ လည်းကောင်း၊အဆိုပါဇင်မင်းပွဲရုံလုပ်ငန်းကို ၄င်း

တို့နှစ်ဦးကလုပ်ကိုင်ခဲ့ခြင်းမရှိဘဲ (၂)တရားပြိုင်တစ်ဦးတည်းကသာလုပ်ကိုင်ခဲ့၍ (၂)တရားပြိုင်၌သာ မတ်ပဲဖိုးငွေများကိုလည်းကောင်း၊သို့မဟုတ် မတ်ပဲတစ်တင်းခွဲအိတ်(၆၀၀)အိတ်အတွက် တရားလို သို့ပေးဆပ်ရန်တာဝန်ရှိကြောင်းဖြင့် ချေလွှာ၌လည်းကောင်း၊၎င်းတို့၏အစစ်ခံချက်များတွင်လည်း ကောင်း ငြင်းဆန်ချေပထားကြသော်လည်း အဆိုပါ "ကိုမောင်မောင်နှင့်ညီများဇင်မင်းပွဲရုံဆန်နှင့် ပဲမျိုးစုံရောင်းဝယ်ရေး " လုပ်ငန်းနှင့်သက်ဆိုင်ပတ်သက်မှုဆက်စပ်မှုမရှိကြောင်းနှင့်စပ်လျဉ်း၍ အ ထောက်အထားစာမှတ်စာတမ်း ခိုင်လုံစွာဖြင့်ချေပထားကြခြင်းမရှိပေ။ယေဘုယျထုချေချက်များကို သာချေပထားကြသည်ကို တွေ့ရသည်။

တရားပြိုင်(၃)ဦးစလုံးသည် ကိုမောင်မောင်နှင့်ညီများဇင်မင်းပွဲရုံဆန်နှင့်ပဲမျိုးစုံရောင်း ဝယ်ရေးဆိုင်းဘုတ်ကို အခင်းဖြစ် ၁၃-၃-၂၀၁၃ ရက်နေ့၌ တရားလိုကသက်သေခံ(က)နှင့်(ခ)ဘောင် ချာများဖြင့် မတ်ပဲအိတ်(၃၀၀)အိတ်အတွက် တစ်အိတ်လျှင် ၅၃၀၀၀ိ/-ဖြင့်လည်းကောင်း၊၁၅-၃- ၂၀၁၃ ရက်နေ့တွင် သက်သေခံ(ဂ)ဘောင်ချာဖြင့် မတ်ပဲသုံးတင်းအိတ်(အိတ်ကြီး)တစ်အိတ်လျှင် ၅၂၃၀၀ိ/-နှုန်းဖြင့် မတ်ပဲတစ်တင်းခွဲအိတ်(အိတ်သေး)(၃၀၀)အိတ်အား ထပ်မံဝယ်ယူခဲ့ပြီး အပ်နှံ ခဲ့ကြောင်းဖြင့် စွဲဆိုတင်ပြထွက်ဆိုထားသည့်အချိန်က " ကိုမောင်မောင်နှင့်ညီများ၊ဇင်မင်းပွဲရုံဆန် နှင့်ပဲမျိုးစုံရောင်းဝယ်ရေး " ဆိုင်းဘုတ်ကို အဆိုပါပွဲရုံ၌တင်ထားကြောင်း (၁)တရားပြိုင်ဦးမောင်မောင် နှင့်(၃)တရားပြိုင်ဦးဟီရာလားလ်တို့၏ ဝန်ခံထွက်ဆိုချက်များအရလည်းကောင်း၊အဆိုပါပွဲရုံနှင့်စပ် လျဉ်း၍ သက်သေခံ(က)(ခ)နှင့်(ဂ)ငွေလက်ငင်းဖြတ်ပိုင်းများတွင် ခတ်နှိပ်ဖော်ပြထားသည့်တံဆိပ် တုံးပါ " ကိုမောင်မောင်နှင့်ညီများ၊ဇင်မင်းပွဲရုံဆန်နှင့်ပဲမျိုးစုံရောင်းဝယ်ရေး " ဖော်ပြချက်အရလည်း ကောင်း၊တရားပြိုင်တို့(၃)ဦးသည် " မပြေးသော် ကန်ရာရှိ " ဆိုသကဲ့သို့ အဆိုပါ " ဇင်မင်းပွဲရုံ " နှင့်စပ်လျဉ်း၍ အထက်ပါဆိုင်းဘုတ်နှင့်ဇင်မင်းပွဲရုံ၏တံဆိပ်တုံးတို့အရ အခင်းဖြစ်ချိန်ကယင်းပွဲရုံ အားတရားပြိုင်တို့ညီအစ်ကို(၃)ဦးစလုံးက ဖွင့်လှစ်ဆောင်ရွက်ခဲ့သည်။တစ်နည်းအားဖြင့် ဆန်နှင့် ပဲမျိုးစုံရောင်းဝယ်သည့်လုပ်ငန်းကို လုပ်ကိုင်ခဲ့ကြသည်ဟုသာ သုံးသပ်မိသည်။

" ဇင်မင်းပွဲရုံ " ဆန်နှင့်ပဲမျိုးစုံရောင်းဝယ်ရေး စာသားများပါပွဲရုံဆိုင်းဘုတ်နှင့်တံဆိပ် တုံးများအရ (၁)တရားပြိုင်ဦးမောင်မောင်နှင့်ညီများဖြစ်ကြသည့် (၂)တရားပြိုင်ဆတ်သရာနန်း(ခ) မော်စီတုံးနှင့်(၃)တရားပြိုင်ဦးဟီရာလားလ်တို့သည် အဆိုပါဇင်မင်းပွဲရုံနှင့်စပ်လျဉ်း၍လည်းကောင်း ယင်းပွဲရုံ၏ရောင်းရေးဝယ်တာကိစ္စရပ်များအားလုံးတို့နှင့်စပ်လျဉ်း၍ လည်းကောင်း၊တရားလိုကမတ် ပဲအိတ်စုစုပေါင်း(၆၀၀)ကို ဝယ်ယူခဲ့ပြီး ယင်းပွဲရုံသို့အပ်နှံခဲ့သည့် ၁၃-၃-၂၀၁၃ ရက်နေ့နှင့် ၁၅- ၃-၂၀၁၃ ရက်နေ့များတွင် လည်းကောင်း၊ယင်းနောက်ပိုင်းကာလများတွင်လည်းကောင်း စည်းနှောင် အားရှိနေကြောင်း၊တစ်နည်းအားဖြင့် သက်ဆိုင်ပတ်သက်မှုရှိနေကြောင်း မြင်သာလျှက်ရှိနေသည်။

(၁)နှင့်(၃)တရားပြိုင်တို့သည် ၎င်းတို့တင်သွင်းသည့်ချေလွှာနှင့်ပူးတွဲလျှက် ဖော်ပြ ထားသော ၎င်းတို့၏နေရပ်လိပ်စာကို " ဇင်မင်းပွဲရုံအုတ်ဖြတ်လမ်း၊ဘိုးဘွားရိပ်သာ၊ဖြူးမြို့ " ဖော် ပြထားမှုအရလည်း ၎င်းတို့အနေဖြင့် အဆိုပါဇင်မင်းပွဲရုံဆန်နှင့်ပဲမျိုးစုံရောင်းဝယ်ရေးလုပ်ငန်းနှင့် ဆက်စပ်ပတ်သက်နေပုံကို ညွှန်ပြရာရောက်နေသည့်ဝန်ခံချက်အဖြစ် တွေ့ရသည်။

အခွင့်ရအရာရှိ
( ဒေးဒေးမြင့် )
လက်ထောက်ညွှန်ကြားရေးမှူး
ပဲခူးတိုင်းဒေသကြီး

ထိုသို့ အဆိုပါဇင်မင်းပွဲရုံနှင့်တရားပြိုင်တို့(၃)ဦးမှာ သက်ဆိုင်ပတ်သက်မှုရှိကြောင်း ထင်ရှားသည့်အတွက် တရားပြိုင်တို့(၃)ဦးသည် ဇင်မင်းပွဲရုံဆန်နှင့်ပဲမျိုးစုံရောင်းဝယ်ရေးလုပ်ငန်းကိုအတူတကွ ပူးပေါင်းလုပ်ကိုင်ခဲ့ကြသည်ဟုသာ သုံးသပ်တွေ့ရပေရာ (၁)တရားပြိုင်ဦးမောင်မောင်နှင့်(၃)တရားပြိုင်ဦးဟီရာလားလ်တို့သည် ဇင်မင်းပွဲရုံသည်(၂)တရားပြိုင်နှင့်သာမက ၎င်းတို့နှင့်ပါ သက်ဆိုင်ကြောင်း ပေါ်ပေါက်ပါကတရားလိုတောင်းဆိုသော မတ်ပဲတစ်တင်းခွဲအိတ်(၆၀၀) သို့မဟုတ် ယင်းအိတ်(၆၀၀)၏ကာလတန်ဖိုးငွေ ၁၅၇၉၅၀၀၀ိ/-ကိုပေးဆပ်ရန် တာဝန်ရှိကြသည်ဆိုလျှင် မှန်ပါသည်ဟု ဝန်ခံထွက်ဆိုထားကြသည့် (၁)တရားပြိုင်ဦးမောင်မောင်နှင့်(၃)တရားပြိုင်ဦးဟီရာလားလ်တို့သည် တရားလိုတောင်းဆိုထားသည့်သက်သာခွင့်ကို ပေးရန်တာဝန်ရှိကြသည်မှာ မြင်သာထင်ရှားလျက်ရှိပေသည်။

သို့ဖြစ်၍ တရားပြိုင်များသည် မတ်ပဲ(၁)တင်းခွဲအိတ်(၆၀၀) သို့မဟုတ် တန်ဖိုးငွေ ၁၅၇၉၅၀၀၀ိ/-ကို တရားလိုထံပေးရန်ရှိသည်ဆိုခြင်းမှာ မှန်သည်ဟု ငြင်းချက်(၁)ကိုဖြေဆိုလိုက်သည်။

ငြင်းချက်(၂)နှင့်စပ်လျဉ်း၍

အထက်တွင် ငြင်းချက်(၁)ကိုဖြေဆိုခဲ့သည်များအရ (၁)တရားပြိုင်ဦးမောင်မောင်နှင့်(၃)တရားပြိုင်ဦးဟီရာလားလ်တို့သည် (၂)တရားပြိုင်ဆတ်သရာနန်း(ခ)မော်စီတုံးနှင့်အတူ တရားလိုသို့မတ်ပဲ(၁)တင်းခွဲအိတ်(၆၀၀) သို့မဟုတ် တန်ဖိုးငွေ ၁၅၇၉၅၀၀၀ိ/- ကို ပေးရန်ရှိသည်မှာ မှန်ကန်ကြောင်းဖြေဆိုချက်အရ ယင်းတရားပြိုင်ဦးမောင်မောင်နှင့်ဦးဟီရာလားလ်တို့သည် အမှုတွင်မပါမဖြစ်သည့် အမှုသည်များဖြစ်ကြောင်း ပေါ်လွင်သည့်အတွက် (၁)နှင့်(၃)တရားပြိုင်များအား အမှုမှဖယ်ထုတ်ပေးရမည်ဆိုသည်မှာ မမှန်ကြောင်း ငြင်းချက်(၂)ကိုဖြေဆိုလိုက်သည်။

ငြင်းချက်(၃)နှင့်စပ်လျဉ်း၍

အထက်ကငြင်းချက်(၁)နှင့်(၂)တို့ကို ဖြေဆိုခဲ့သည်များအရ တရားပြိုင်များသည် တရားလိုအားမတ်ပဲ(၁)တင်းခွဲအိတ်(၆၀၀) (သို့မဟုတ်) တန်ဖိုးငွေ ၁၅၇၉၅၀၀၀ိ/-ကျပ်ကို ပေးရန်တာဝန်ရှိကြောင်း ထင်ရှားပေါ်ပေါက်သည်ဖြစ်၍ တရားပြိုင်များသည်တရားလိုအားမတ်ပဲ(၁)တင်းခွဲအိတ်(၆၀၀)(သို့မဟုတ်)တန်ဖိုးငွေ ၁၅၇၉၅၀၀၀ိ/-ကျပ်ကို ပေးအပ်စေရန်စရိတ်နှင့်တကွ အနိုင်ဒီကရီချမှတ်ပေးလိုက်သည်။

ရှေ့နေစရိတ် ၁၀၀၀၀ိ/- သတ်မှတ်သည်။

အခွင့်ရအရာရှိ
( အေးအေးမြင့် )
လက်ထောက်ညွှန်ကြားရေးမှူး
ပဲခူးတိုင်းဒေသကြီးတရားလွှတ်တော်

ပဲခူးတိုင်းဒေသကြီး
တောင်ငူခရိုင်တရားရုံး

(မောင်မောင်အေး)
ဒုတိယခရိုင်တရားသူကြီး
တောင်ငူခရိုင်တရားရုံး